## အကျုံးဝင်သည့်ဝင်ငွေများ

❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ- မိမိကျွမ်းကျင်သည့် လုပ်ငန်းကို အခကြေးငွေယူ၍ ဆောင်ရွက်ပေးသော ဝန်ဆောင်မှု တစ်ရပ်ဖြစ်ပါသည်။ ဥပမာ-ဆရာဝန်၊ သူနာပြုဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်ပညာသည်၊ သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် ဗေဒင်ဆရာ၊ကျောင်းဆရာ စသည်တို့၏အခကြေးငွေ ရယူဆောင်ရွက် ပေးသည့်လုပ်ငန်းကို ဆိုလိုပါသည်။








❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာလစာ မဟုတ်သော အခကြေးငွေအဖြစ် ရရှိသည့်ဝင်ငွေ ဖြစ်ပါသည်။

❖ မိမိတတ်ကျွမ်းသည့်ပညာကိုအခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော် လည်းနေ့စဉ်(သို့မဟုတ်) လစဉ်ပုံသေလုပ်ခ (သို့မဟုတ်) လစာ ရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း မှဝင်ငွေမဟုတ်ဘဲ "လစာ"မှဝင်ငွေသာဖြစ်ပါသည်။

## ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်း

❖ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် နှစ်စဉ်ပြဋ္ဌာန်း သတ်မှတ်ထားသည့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေသည့် ဝန်ဆောင်မှုများတွင်မပါရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း မှ ဝင်ငွေရရှိသူများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပါသည်။ (ဥပမာ- အခွန်ဆိုင်ရာ၊ စာရင်းဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ ဆောက်လုပ်ရေးဆိုင်ရာ အကြံပေးဆောင်ရွက်ခရငွေ)

❖ ၂၀၁၈-၂၀၁၉ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ၁၄၊ ပုဒ်မခွဲ(ဃ) တွင် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှုများကို ပြဋ္ဌာန်းထားပါသည်။

## အခွန်နှုန်း

၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ

➢ တစ်ဦးချင်းပုဂ္ဂိုလ်နှင့်အစုစပ်၊ အခြေခံသမဝါယမအသင်းများဖြစ်လျှင်

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | နှုန်း | ကျသင့် အခွန် | အဆင့်ဆင့် ကျသင့်အခွန် |
|---|---|---|---|---|---|
| | ကျပ် (မှ) | ကျပ် (ထိ) | | | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀% | ၀ | ၀ |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅% | ၁၅၀,၀၀၀ | ၁၅၀,၀၀၀ |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀% | ၅၀၀,၀၀၀ | ၆၅၀,၀၀၀ |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅% | ၁၅,၀၀,၀၀၀ | ၂၁,၅၀,၀၀၀ |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀% | ၂၀,၀၀,၀၀၀ | ၄၁,၅၀,၀၀၀ |
| ၆ | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅% | | |

➢ ပုဂ္ဂိုလ်စု(အစုစပ်နှင့်အခြေခံသမဝါယမအသင်းမှအပ)အသားတင် အမြတ်ဝင်ငွေအပေါ် ၂၅%

## စာရင်းထားရှိခြင်း

❖ သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း မှဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ် များကိုဖော်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း(Financial Statement) တင်ပြရပါမည်။




## ဝင်ငွေတွက်ချက်ခြင်း

❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့်ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ် ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ်နုတ်ပယ်ပြီးသည့် အသားတင် ဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်း ဖြင့်အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ် ခွင့်မပြုပါ။

- မတည်စရိတ်၊
- ကိုယ်ရေးကိုယ်တာစရိတ်၊
- လုပ်ငန်းပမာဏနှင့်မမျှအောင်များသည့်စရိတ်၊

❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်း သဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှု ရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏စရိတ်နှင့် ရှေ့နေတစ်ဦး၏ စရိတ် တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ် ၍မရနိုင်ပါ။

## သက်သာခွင့်များ

❖ အခွန်ထမ်းများရခွင့်ရှိသော သက်သာခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- အခြေခံသက်သာခွင့်စုစုပေါင်းဝင်ငွေ၏ - ၂၀%
  (ကျပ် သိန်း ၁၀၀ ထက် မပိုရ)
- အတူနေမိဘတစ်ဦးလျှင် - ၁၀ သိန်းစီ
- အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် - ၁၀ သိန်း
- အသက် ၁၈ နှစ်အောက်/ အိမ်ထောင်မရှိ - ၅ သိန်းစီ
  ပညာသင်ဆဲနှင့်အသက်၁၈နှစ်ပြည့်ပြီးသော်လည်း ပညာသင်ကြားလျက်ရှိသော သားသမီးတစ်ဦးလျှင်
- အခွန်ထမ်းနှင့်အိမ်ထောင်ဖက်တို့၏အသက်အာမခံပရီမီယံ ပေးသွင်းငွေ
- လူမှုဖူလုံရေးရန်ပုံငွေထည့်ဝင်ငွေ(အခွန်ထမ်းအတွက်သာ)

### တွက်ချက်မှု(နမူနာ)

➢ ဦးကျော်သည် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက်သရုပ်ဆောင်ခကျပ် ၁၀သိန်း၊ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခ ကျပ် ၅သိန်း ရယူပါသည်။ နှစ်အတွင်း သရုပ်ဆောင်ခ ကျပ် ၅၄၅ သိန်း ရရှိပြီး ခရီးသွားလာစရိတ် ကျပ် ၃၅သိန်း၊ အလှုပြင် စရိတ်ကျပ် ၁၅ သိန်း၊ သရုပ်ဆောင်ဆိုင်ရာ အဝတ်အထည်စရိတ်ကျပ် ၁၀သိန်း၊ အလုပ်လက်ခံဆောင်ရွက်ရန် မန်နေဂျာတစ်ဦးတစ်လ ကျပ် ၄ သိန်းဖြင့် ၄၈ သိန်း၊ အထွေထွေစရိတ် ၁ သိန်း၊ စုစုပေါင်းကုန်ကျစရိတ် ကျပ် ၁၀၉ သိန်း ဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင်ဦးကျော်သည် ဝင်ငွေနှစ်အတွင်း သရုပ်ဆောင်ခ စုစုပေါင်း ကျပ် ၅၄၅ သိန်း ရရှိသော်လည်း အသုံးစရိတ်များ နုတ်ပယ်ပြီးသည့် အသားတင် ဝင်ငွေ မှာ ကျပ် ၄၃၆ သိန်း ရရှိသည်ကိုတွေ့ရှိရပါသည်။ ဦးကျော်တွင် မိခိုသူဇနီးရှိပြီး သားသမီး၂ဦးအနက်တစ်ဦးမှာအိမ်ထောင်သည်သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀တန်းကျောင်းသူ ဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှဝင်ငွေကို အောက်ပါအတိုင်း တွက်ချက်ရမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| သရုပ်ဆောင်ခဝင်ငွေစုစုပေါင်း | | = ၅၄,၅၀၀,၀၀၀ ကျပ် |
| (နုတ်)ကုန်ကျစရိတ် | | |
| ခရီးသွားလာစရိတ် | = ၃,၅၀၀,၀၀၀ ကျပ် | |
| အလှုပြင်စရိတ် | = ၁,၅၀၀,၀၀၀ ကျပ် | |
| အဝတ်အထည်စရိတ် | = ၁,၀၀၀,၀၀၀ ကျပ် | |
| အထွေထွေစရိတ် | = ၁၀၀,၀၀၀ ကျပ် | |
| မန်နေဂျာလစာ | = ၄,၈၀၀,၀၀၀ ကျပ် | |
| စုစုပေါင်းလုပ်ငန်းအတွက် ကုန်ကျစရိတ် | | = ( ၁၀,၉၀၀,၀၀၀ )ကျပ် |
| အသားတင်ဝင်ငွေ | | = ၄၃,၆၀၀,၀၀၀ ကျပ် |
| (နုတ်) သက်သာခွင့်များ | | |
| (က) အခြေခံသက်သာခွင့် (စုစုပေါင်းဝင်ငွေ၏ ၂၀%ဖြင့်) | = ၈,၇၂၀,၀၀၀ ကျပ် | |
| ( ခ ) အိမ်ထောင်ဖက်အတွက် | = ၁,၀၀၀,၀၀၀ ကျပ် | |
| ( ဂ ) အိမ်ထောင်သည်သားအတွက် | = ခွင့်မပြု | |
| (ဃ) ကျောင်းသူသမီးအတွက် | = ၅၀၀,၀၀၀ ကျပ် | |
| | စုစုပေါင်းသက်သာခွင့်များ | = ( ၁၀,၂၂၀,၀၀၀ )ကျပ် |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | = ၃၃,၃၈၀,၀၀၀ ကျပ် |
| ၁ ကျပ်မှ ၃၀,၀၀၀,၀၀၀ ထိအဆင့်ဆင့်စုစုပေါင်း | | = ၄၁,၅၀,၀၀၀ကျပ် |
| (၃၀,၀၀၀,၀၀၁ကျပ် မှ၃၃,၃၈၀,၀၀၀ကျပ်ထိ) | | |
| ကျန်၃၃,၈၀,၀၀၀အတွက် ၂၅% | | = ၈၄၅,၀၀၀ကျပ် |
| စုစုပေါင်းကျသင့်အခွန် | | = ၄,၉၉၅,၀၀၀ကျပ် |

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၃၇၈၃၇၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.irdmyanmar.gov.mm သို့ ဝင်ရောက်ကြည့်ရှု လေ့လာပြီးလိုအပ်သည့်ဥပဒေ၊နည်းဥပဒေများကိုdownload ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန





## အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်မှ ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်များ

Internal Revenue Department
Office Building No.(46), Nay Pyi Taw
https://www.irdmyanmar.gov.mm